ရက်စွဲ။ ၂၂.၈.၂၀၂၃

သို့
ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှနန်
နိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူနိုင်ငံ

**မြန်မာ အာဏာသိမ်းစစ်အုပ်စုနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ အပေါ် စင်္ကာပူနိုင်ငံ၏ တုံ့ပြန်မှုနှင့်စပ်လျဉ်းသော အိတ်ဖွင့်ပေးစာ**

ဝန်ကြီးခင်ဗျာ အောက်တွင် လက်မှတ်ရေးထိုးထားသော ကျွန်ုပ်တို့ အဖွဲ့အစည်းများအနေဖြင့် မြန်မာစစ်အုပ်စုမှ ပြည်သူလူထုအပေါ် ဆက်လက်၍ အကြမ်းဖက် လုပ်ရှားမှုများတွင် အသုံးပြုနေသော လက်နက်များ၊ စစ်ဘက် -အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများ၊ နည်းပညာနှင့် ငွေကြေး ရန်ပုံငွေများကို မြန်မာစစ်အုပ်စုမှ ရယူအသုံးပြုခြင်းကို တားမြစ်ပိတ်ပင် ရေးအတွက် အဓိပ္ပာယ်ရှိပြီး ခိုင်မာသော အရေးယူ ဆောင်ရွက်မှုများ လုပ် ဆောင်ရန် တိုက်တွန်းလိုက်သည်။

အထူးသဖြင့် အောက်ပါတို့ကို ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ တောင်းဆိုလိုက်သည် -

**၁။ စင်္ကာပူနိုင်ငံမှတဆင့် မြန်မာစစ်တပ်ထံသို့ လက်နက်များနှင့် စစ်ဘက် -အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာများကို လွှဲပြောင်း ရောင်းချခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ တင်ပို့ခြင်း သို့မဟုတ် ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်းတို့တွင် ပါဝင်ပတ်သက်သော သို့မဟုတ် ထိုသို့ ဆောင်ရွက်နိုင်အောင် ပံ့ပိုးပေးနေသည့် စင်္ကာပူအခြေစိုက် ကုမ္ပဏီများအား လူသိ ရှင်ကြား စုံစမ်းစစ်ဆေးမှုများကို ပို၍ မြန်ဆန် အလုပ်တွင်စေရန်နှင့် ပိုမို ဆောင်ရွက်ရန်။**

**၂။ မြန်မာစစ်တပ်သို့ လက်နက်များ၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းကို တားဆီးရန် ပိတ်ဆို့အရေးယူမှုများ စတင် လုပ်ဆောင် ရန်။**

**၃။ မြန်မာစစ်အုပ်စုမှ စင်္ကာပူ ဘဏ္ဍာရေးစနစ်သို့ ဝင်ရောက်အသုံးပြုခွင့်ကို ဦးတည်ပစ်မှတ်ထားရှိသော စီးပွားရေးပိတ်ဆို့ အရေးယူမှုများဖြင့် ပိတ်ပင် ရန်။**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့် အချိန်မှစ၍ မြန်မာစစ်တပ်သည် လူပေါင်း ၃,၈၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး ၂၃,၀၀၀ ကျော် ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည့် အပြင် ပြည်သူ၁.၆သန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်စေခဲ့သည်။ မြန်မာစစ်တပ်သည် အိမ်ခြေ ၇၀,၀၀၀ ထက် မနည်း မီးလောင်တိုက်သွင်းခဲ့ပြီး ရွာများစွာကို လုံးလုံးလျားလျား ဖျက်ဆီး ခဲ့သည်။ ၎င်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များကို လက်နက်များသဖွယ် အသုံးချပြီး ပြည်သူအများ စားနပ်ရိက္ခာ၊ ရေနှင့် အခြေခံလိုအပ်ချက်များ မရရှိအောင် ပိတ်ဆို့ထားသည်။ စာသင်ကျောင်းများနှင့် ဆေးရုံများကိုပင် တိုက်ခိုက်ခဲ့ကြသေးသည်။ ကုလသမဂ္ဂ အဖွဲ့မှ ထုတ်ပြန်ချက်အရ ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၃ခုနှစ် ပထမနှစ်ဝက်အတွင်း အရပ်ဘက်-စစ်ဘက် ခွဲခြားမှု မရှိသော လေကြောင်း တိုက်ခိုက်မှုများသည် ၃၃ ရာခိုင်နှုန်း တိုးမြင့်လာ ခဲ့သည်။ စင်္ကာပူ အပါအဝင် နိုင်ငံများစွာသည် မြန်မာစစ်တပ်အား လက်နက်များ၊ စစ်ဘက် -အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာများ လွှဲပြောင်း ရောင်းချမှု၊ ထိုနိုင်ငံများ၏ ဘဏ်စနစ်များကို ဆက်လက် အသုံးပြုခြင်းကို ဆက်လက် ခွင့်ပြုခြင်း သို့မဟုတ် တားဆီးရန် ပျက်ကွက်ခြင်းတို့ကြောင့် အာဏာသိမ်း စစ်အုပ်စုသည် အဆိုပါ ရက်စက်ကြမ်းကြုတ်မှုများကို ဆက် လက် ကျူးလွန်နိုင်သည်။

ကျွန်ုပ်တို့၏အမြင်အရ အာဏာသိမ်းစစ်အုပ်စုသည် ဘဏ္ဍာငွေ၊ လက်နက်၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာများ ဆက်လက် လက်လှမ်းမီ၊ ရယူ၊ အသုံးပြုခြင်းမှ ဟန့်တားရန် အကောင်းဆုံး နည်းလမ်းမှာ ကုလသမဂ္ဂနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှုများတွင် မှုအားဖြင့် ကတိကဝတ်ပြုကြောင်း ပြောဆိုခြင်းထက် ကျော်လွန်သော တုံ့ပြန်မှုအဖြစ် စင်္ကာပူမှ မြန်မာနိုင်ငံအပေါ် လွတ်လပ်စွာ ပိတ်ဆို့အရေးယူမှုများ ဆောင်ရွက်ခြင်းသာ ဖြစ်သည်။

ဝန်ကြီးသိထားသည့်အတိုင်း ၂၀၂၃ခုနှစ်အတွင်း အစီရင်ခံစာ အများအပြား တွင် စင်္ကာပူနိုင်ငံသည် မြန်မာစစ်တပ်မှာ အသုံးပြုရန် ရည်ရွယ်သော အထူးသဖြင့် စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာအပါအဝင် မြောက်များစွာသော အရာဝတ္ထုများ လွှဲပြောင်း ရောင်းချခြင်းအတွက် အဓိက စီရင်ပိုင်ခွင့်နိုင်ငံ ဖြစ်သည်ဟူသော အချက် အပေါ် စိုးရိမ်ရကြောင်း ဖော်ပြခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း လူ့အခွင့် အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူး အစီရင်ခံစာ တင်သွင်းသူ၏ ၂၀၂၃ ခုနှစ်၊ မေလထုတ် အစီရင်ခံစာတွင် မြန်မာစစ်တပ်အတွက် ကြားခံများအဖြစ် လုပ်ဆောင်ခဲ့သည့် စင်္ကာပူအခြေစိုက် ကုမ္ပဏီ အနည်းဆုံး ၁၃၈ ခုကို ဖော်ထုတ်ခဲ့ပြီး ယင်းကုမ္ပဏီများသည် အမေရိကန် ဒေါ်လာ ၂၅၄ သန်းတန်ဖိုးရှိ လက်နက်နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာ နိုင်ငံသို့ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလနှင့် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း မည်သို့ တင်သွင်းခဲ့ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ၎င်းမှာ စင်္ကာပူ ကုမ္ပဏီ ၃၈ခု၊ ၎င်းတို့၏ ဒါရိုက်တာများနှင့် အစုရှယ်ယာဝင်များသည် မြန်မာစစ်တပ်သို့ လက်နက်နှင့် စစ်ပစ္စည်းများ ရောင်းချရေးတွင် ကြားခံ ပွဲစားအဖြစ် လုပ်ခဲ့ကြောင်း အမည်နှင့်တကွ ဖော်ပြခဲ့သည့် Justice For Myanmar တက်ကြွလှုပ်ရှားသူအဖွဲ့မှ ထုတ်ပြန်ခဲ့သော အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ(SAC-M)၏ အစီရင်ခံစာတို့ နောက် ထွက်လာခဲ့သည်။ အထူးအကြံပေးကောင်စီမှထုတ်သော အစီရင်ခံ စာတွင် မြန်မာစစ်တပ်၏ စစ်လက်နက် ပစ္စည်းထုတ်လုပ်ရေး စက်မှုကဏ္ဍ ကို အဓိက ပံ့ပိုးသည့် အချို့သော ကုန်ကြမ်းပစ္စည်းများ အပါအဝင် ကုန် ပစ္စည်းများစွာကို အလွန်ကြီးမားသော ပမာဏများအတွက် မဟာဗျူဟာ မြောက် ကုန်စည် အကူးအပြောင်းနေရာတစ်ခုအဖြစ် စင်္ကာပူသည် မည်သို့ ဆက်လက် လုပ်ဆောင်နေကြောင်း မီးမောင်းထိုးပြခဲ့သည်။

ဤအစီရင်ခံစာများ ထုတ်ပြန်ပြီးချိန်မှစ၍ ကုမ္ပဏီများ၏ အပြုအမူအပေါ် စုံစမ်းစစ်ဆေးမှုများကို လူကြီးမင်းတို့အစိုးရအဖွဲ့မှ စတင် လုပ်ဆောင်ခဲ့ ကြောင်း ကျွန်ုပ်တို့ သိရပါသည်။ ဤစုံစမ်းစစ်ဆေးမှုများကို ကျွန်ုပ်တို့ ကြိုဆိုပြီး ၎င်းတို့အား မြန်ဆန်တွင်ကျယ်စေရန်နှင့် ရလဒ်များကို အများ ပြည်သူ သိရှိအောင် ထုတ်ပြန်ပေးရန် တောင်းဆိုပါသည်။

လက်နက် ရောင်းဝယ်သူများသည် မြန်မာစစ်တပ်ကို ရောင်းချရန် စင်္ကာပူ ဘဏ်များမှ တဆင့် ဒေါ်လာသန်းရာနှင့်ချီသော ငွေများ ရွှေ့ပြောင်းကြောင်း ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ၏ ၂၀၂၃ခုနှစ်၊ မေလထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။ စစ်အုပ်စုနှင့် တိုက်ရိုက်ဆက်စပ်နေ သည့် ကုမ္ပဏီများ အပါအဝင် မြန်မာကုမ္ပဏီများစွာသည် စင်္ကာပူတွင် ရုံးခွဲများ ရှိကြသည်။ မြန်မာစစ်တပ်နှင့် တိုက်ရိုက် ချိတ်ဆက်မှုများ ရှိသည့် ကုမ္ပဏီများအတွက် စင်္ကာပူဘဏ်များတွင် ငွေကြေးများ အပ်နှံထားခြင်း သည် လုပ်ရိုးလုပ်စဉ် အလေ့အထ ဖြစ်သည်။ အနောက်နိုင်ငံအချို့က ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားသော်လည်း အဆိုပါကုမ္ပဏီ အများစု သည် လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အပိုပစ္စည်းများ သာမက စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာများကို စစ်အုပ်စုထံသို့ ထိုဘဏ်စနစ်မှတဆင့် လွတ်လပ်စွာ တင်ပို့ရောင်းချလျက် လုပ်ငန်းများကို လွတ်လပ်စွာ ဆက်လုပ်နေကြသည်။ အထူးသဖြင့် မြန်မာ နိုင်ငံ၏ မြောက်များစွာသော နိုင်ငံခြားအရန်ငွေများကို စင်္ကာပူတွင် အပ်နှံ ထားသည်ဟု သံသယရှိကြောင်း လေးနက်မှုရှိသော

စွပ်စွဲချက်များအရ စစ်အုပ်စုအတွက် ဘဏ္ဍာရေး အသက်ကယ်ကြိုး တစ်ချောင်း ပေးအပ်ထား ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သတိပြုမိသည်။

စစ်တပ်နှင့် ချိတ်ဆက်နေသော ကုမ္ပဏီများ၏ စင်္ကာပူဘဏ် လုပ်ငန်းကဏ္ဍ အပေါ် ကာလရှည်ကြာ၊ သိသာထင်ရှားသော အထောက်အထားများရှိသည့် မှီခိုအားထားမှုရှိသဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံအများစုထက် စင်္ကာ ပူနိုင်ငံသည် မြန်မာနိုင်ငံအပေါ် ပိုမိုသြဇာ ရှိသည်။ စင်္ကာပူဘဏ်များ၏ ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာသည် မြန်မာစစ်အုပ်စုအပေါ် ပိတ်ဆို့ အရေးယူမှုများ၏ ထိရောက်မှုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ယူဆသည်။

နိုင်ငံတကာ ဝတ်လုံတော်ရများဖြစ်သည့် Felicity Gerry KC နှင့် Daye Gang တို့ပြုစုရေးသားပြီး Justice For Myanmar အဖွဲ့မှ ထုတ်ဝေသော ဥပဒေမှတ်စုတွင်လည်း “မှားယွင်းသော လုပ်ရပ်များဖြစ်စေသည့် ရောင်းဝယ်လွှဲပြောင်းခြင်းများကို စုံစမ်းစစ်ဆေးရန်၊ တားဆီးကာကွယ်ရန် နှင့် ရပ်ဆိုင်းရန်” အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ တာဝန်တရပ် စင်္ကာ ပူနိုင်ငံတွင် ရှိကြောင်း ကောက်ချက်ချထားသည်။ ဤအချက်ကို မြန်မာ စစ်တပ်နှင့် ၎င်း၏ အကျိုးစီးပွားများနှင့် စီးပွားရေး လုပ်ငန်းများ ရောင်းဝယ်လွှဲပြောင်းခြင်းတွင် လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ စင်္ကာပူ ငွေကြေးအာဏာပိုင်အဖွဲ့ (MAS) မှ ထုတ်ပြန်သည်ဟု သိရသော နှိုးဆော်စာတွင် မြန်မာနိုင်ငံနှင့် ဆက်စပ်၍ ဆုံးရှုံးနိုင်ခြေမြင့်မားသော အသုံးပြုသူများနှင့် အရောင်းအဝယ် လုပ်ဆောင်ချက်များနှင့် ဆက်နွှယ်၍ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ရှာဖွေဖော်ထုတ်ရန်နှင့် လျှော့ချရန် ပိုမိုမြင့်မားသော ကြိုတင် သတိထား လုပ်ဆောင်သင့်သည်များကို ဆောင်ရွက်ခြင်းအစီအမံများ လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် ဘဏ္ဍာရေး အဖွဲ့အစည်း အင်စတီကျူးရှင်းများသည် မြန်မာနိုင်ငံ အခြေအနေမှ ပေါ်ထွက်လာမည့် ပိုမို ဆုံးရှုံးနိုင်ခြေ၊ အန္တရာယ်များကို ဆက်လက်၍ သတိရှိသင့်ကြောင်း စင်္ကာပူငွေကြေးအာဏာပိုင်အဖွဲ့ (MAS)၏ ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ထုတ်ပြန်ကြေငြာချက်အတွက် ကျွန်ုပ်တို့ ကျေးဇူးတင်ပါ သော်လည်း ဤမျှမက များစွာ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ ဤသို့လုပ်ဆောင်ရာတွင် စစ်တပ်နှင့်ဆိုင်သော စီးပွားရေး လုပ်ငန်းများ အပေါ် ဦးတည်ပစ်မှတ်ထားသော စီးပွားရေး ပိတ်ဆို့ အရေးယူမှုများနှင့် စင်္ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီများအား မြန်မာစစ်တပ် အတွက် လက်နက်များ၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်း များနှင့် နည်းပညာတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဝယ်ယူပေးသွင်းနေခြင်းမှာ ရပ်တန့်စေမည့် လွတ်လပ်သော စီးပွားရေး ပိတ်ဆို့ အရေးယူခြင်းတရပ်လည်း ပါဝင်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် SAC-M အဖွဲ့၏ အစီရင်ခံစာကို ဆွေးနွေးသည့် လွှတ်တော်ကြားနာပွဲတစ်ခု၌ ဝန်ကြီးမှ လက်နက်မဲ့ အရပ်သားများအပေါ် အကြမ်းဖက်မှု ကျူးလွန်ရာတွင် အသုံးပြုနိုင်ခြေ ရှိသော၊ အရေးကြီးသော၊ အန္တရာယ် ရှိသော၊ မြန်မာနိုင်ငံအတွင်း စစ်ဘက် အသုံးပြုနိုင်သည့် အလားအလာ ရှိကြောင်း ဆန်းစစ်တွေ့ရှိထားသော စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ပစ္စည်းများအား မြန်မာနိုင်ငံသို့ လွှဲပြောင်း ရောင်းချခြင်းကို ခွင့်မပြုရေးနှင့် စင်္ကာပူ အစိုးရသည် စင်္ကာပူ မဟာဗျူဟာမြောက် ကုန်စည်များ (ထိန်းချုပ်ရေး) ဥပဒေ အပါအဝင် သက်ဆိုင်သော ဥပဒေများကို ချိုးဖောက်သူများအား အရေးယူရန် တွေ့ဝေတွန့်ဆုတ်မည် မဟုတ်ကြောင်း စင်္ကာပူနိုင်ငံ၏ ကတိကဝတ်ထားရှိကြောင်း အတည်ပြုခဲ့သည်။ စင်္ကာပူသည် မြန်မာ စစ်တပ်အတွက် ရုရှားနှင့် တရုတ်ပြီးလျှင် လက်နက်နှင့် စစ်ဘက်- အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများ တတိယမြောက် အများဆုံး ရရှိသော ရင်းမြစ် ဖြစ်သောကြောင့် ဤကတိကဝတ်မှာ အရေးကြီးလှ သည်။ သို့သော် တစ်နှစ်ခွဲကြာပြီးနောက် ဝန်ကြီး ကိုယ်တိုင် ပြောကြားခဲ့ သော ကတိကဝတ်သည် နှုတ်အားဖြင့် ပြောဆိုခြင်းသာ ရှိပြီး မလိုက်နာခြင်းအတွက် အကျိုးဆက်များ ပါဝင်သော မူဝါဒဆိုင်ရာ ကတိကဝတ် တစ်စုံတရာကိုတော့ ယခုအချိန်အထိ ကျွန်ုပ်တို့ မမြင်တွေ့ရသေးပေ။

လွှတ်တော်ကြားနာပွဲအတွင်း ဝန်ကြီးမှ အထူးသဖြင့် စစ်ဘက်ဆိုင်ရာ ရောင်းချမှုများအပေါ် မကြာသေးမီနှစ်များအတွင်း မြန်မာနိုင်ငံသို့ လက်နက်များ လွှဲပြောင်း ရောင်းချမှု လုံးဝ မရှိခဲ့ကြောင်း မှတ်ချက် ပေးခဲ့သည်။ ဤသို့ပြောကြားခြင်းကို ကြိုဆိုပါသော်လည်း ကျွန်ုပ်တို့ အမြင်အရ ပြဿနာမှာ သမားရိုးကျ လက်နက်များ မြန်မာနိုင်ငံသို့ လွှဲပြောင်းရောင်းချခြင်း မဟုတ်၊ အကြိမ်ပေါင်း မြောက်များစွာ စကော်ပူမှ စတင်၍ တင်ပို့သော သို့မဟုတ် စကော်ပူကို ဖြတ်သယ်လာသော စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများနှင့် နည်းပညာများဖြစ်ပြီး ယင်းတို့ ကို စစ်အုပ်စုထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ လွှဲပြောင်းခြင်း လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ၊ နောက်ဆုံးတွင် ယင်းတို့သည် မြန်မာစစ်တပ်လက်ထဲ ရောက်သွားမြဲဖြစ်သည်။

ဝန်ကြီးခင်ဗျား - သို့ပါ၍ မြန်မာနိုင်ငံအပေါ် တင်ပို့ကုန်ဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်၍ အကောင်အထည်ဖော်ရန် စကော်ပူနိုင်ငံအား တောင်းဆိုအပ်ပါသည်။ ဤသို့ လုပ်ဆောင်ခြင်းသည် မကြာသေးမီက ရုရှားနိုင်ငံအပေါ် လူကြီးမင်းတို့အစိုးရအဖွဲ့မှ ချမှတ်ကျင့်သုံးသော ကန့် သတ်သော အစီအမံများ သာဓက ဖြတ်ထုံးကို လိုက်လံကျင့်သုံးရာ ရောက်ပြီး စစ်ဘက်ဆိုင်ရာ ပစ္စည်းများ၊ ကန့်သတ်ထားသော အီလက်ထရွန်နစ်ပစ္စည်းများ၊ ကန့်သတ်ထားသော ကွန်ပျူတာများ၊ အချို့သော ဆက်သွယ်ရေးနှင့် ဝှက်စာပြောင်းလဲစနစ်ဆိုင်ရာ ကုန်စည် များကို မြန်မာနိုင်ငံသို့ တင်ပို့ရန် လျှောက်လွှာများကို ငြင်းဆန်ရလိမ့်မည်။ ထို့အပြင် ပြည်သူလူထုအပေါ် အကြမ်းဖက် လုပ်ရပ် ဆောင်ရွက်ရန် စစ်တပ်၏ ငွေကြေးထောက်ပံ့ပေးနိုင်စွမ်းကို ကန့်သတ်ရန် စစ်တပ်က ထိန်းချုပ်ထားသော ဘဏ်များ၊ လုပ်ငန်းများနှင့် လူပ်ရှားမှုများကို ဦးတည် ပစ်မှတ်ထားသော ဘဏ္ဍာငွေကြေးဆိုင်ရာ အစီအမံများကို ချမှတ်ထားသင့် သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေ ပေးချေမှုဆိုင်ရာ အဓိက portals များအပေါ် အမေရိကန်နိုင်ငံမှ မကြာသေးမီက ချမှတ်ခဲ့သော ပိတ်ဆို့အရေး ယူမှုများတွင် နိုင်ငံပိုင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့အား ထည့်သွင်းခြင်းကို ယင်းကိစ္စနှင့်ပတ်သက်၍ စံနမူနာအဖြစ် ယူသင့်သည်။ MFTB နှင့် MICB ဘဏ်တို့သည် မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ငွေလဲလှယ်ရာတွင် လွယ်ကူချောမွေ့စေပြီး လက်နက်၊ စစ်ဘက်-အရပ်ဘက် နှစ်မျိုးသုံး ကုန်ပစ္စည်းများ၊ နည်းပညာနှင့် ဂျက်လေယာဉ်သုံး လောင်စာ ဆီများ ဝယ်ယူရန် အာဏာသိမ်းစစ်အုပ်စုနှင့် နိုင်ငံခြားဈေးကွက်များ အကြား အရောင်းအဝယ် ပြုလုပ်နိုင်ရန် လုပ်ဆောင်ပေးသောကြောင့် စကော်ပူနိုင်ငံမှ ထိုဘဏ်များကို အရေးယူ ဆောင်ရွက်ရန် ပျက်ကွက် ခြင်းသည် လက်ရှိ အကျပ်အတည်းကို ကြာရှည်အောင် ထိန်းကျောင်းရာ ကျမည့်အပြင် အမေရိကန်နိုင်ငံ၏ ထိုအစုအဖွဲ့များအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုများ၏ ထိရောက်မှုကို လျော့နည်းစေလိမ့်မည်။

စင်ကာပူနိုင်ငံအနေဖြင့် အာဆီယံအောက်မှတစ်ဆင့် မြန်မာနိုင်ငံရှိ အကြမ်းဖက်မှုများအား ချက်ချင်းရန်တန့်ရန် တောင်းဆိုနေသော်လည်း စင်ကာပူအခြေစိုက်ကုမ္ပဏီများသည် မြန်မာစစ်အုပ်စုထံ လက်နက်များနှင့် စစ်ဖက်အရပ်ဖက်သုံးကုန်ပစ္စည်းများအားလွှဲပြောင်းရောင်းချလျက်ရှိနေပြီး ထိုကဲ့သို့လွှဲပြောင်းရောင်းချခြင်းများတွင် စင်ကာပူဘဏ္ဍာရေးစနစ်များအား ပါတ်သက်အသုံးပြုခွင့်ပေးထားခြင်းတို့သည် အာဆီယံ၏ အရည်အသွေး များအား ပိုမိုမှေးမှိန် ချိနဲ့သွားစေပါသည်။ အောက်တွင်ပါရှိသော လက်မှတ် ရေးထိုးထားသည့် ကျွန်ုပ်တို့ အရပ်ဖက်အဖွဲ့အစည်းများသည် စကော်ပူ စီးပွားရေး လုပ်ငန်းများနှင့် ဘဏ္ဍာရေး အဖွဲ့အစည်းများအား စစ်အုပ်စု လက်ရှိ ကျူးလွန်နေဆဲဖြစ်သော ရက်စက်ကြမ်းကြုတ်မှုများကို ပံ့ပိုးကူညီ ခြင်းနှင့် ထိုလုပ်ရပ်များအတွင်း ကြံရာပါအဖြစ် ပါဝင်ခြင်းတို့ကို ရပ်တန့်ရန် အဓိပ္ပါယ်ရှိသော၊ ခိုင်မာပြီး မြင်သာထင်သာရှိသော အရေးယူဆောင်ရွက်မှု များ လုပ်ဆောင်ပါရန် ဝန်ကြီးအား အလေးအနက် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ အာဆီယံသည် မအောင်မြင်သော သဘောတူညီချက် ငါးရပ်အား အကောင်အထည်ဖော်ရန် ပြန်လည်သုံးသပ်မှု ပြုလုပ်နေချိန် တွင် စင်ကာပူ၏ ဤကဲ့သို့အဓိပ္ပာယ်ပြည့်ဝသော ခြေလှမ်းများသည် အာဆီယံ၏ လက်ရှိထိရောက်မှုမရှိသော

ချဉ်းကပ်မှုကို ပြုပြင်ပြောင်းလဲ ရန်နှင့် အများဆန္ဒကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းရန် ခိုင်မာသော လုပ်ဆောင်ချက်များအဖြစ် အစားထိုးရာတွင် ကူညီပေးမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

လုံခြုံရေးအရအမည်မဖော်လိုသည့် အဖွဲ့ (၄) ဖွဲ့အပါအဝင် စုစုပေါင်း အဖွဲ့အစည်း (၂၀၀) ဖြင့် လက်မှတ်ရေးထိုး တောင်းဆိုလိုက်သည်။

1 8888 Generation (New Zealand)
2 ၈၈ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းထားဝယ်ခရိုင်
3 Ah Nah Podcast - conversations with Myanmar
4 All Burma Democratic Face in New Zealand
5 Anti-Junta Mass Movement - AJMM
6 Associations of United Nationalities in Japan
7 Auckland Kachin Community NZ
8 Auckland Zomi Community
9 Aung San Suu Kyi Park Norway
10 Basic Education Students & Youths Association (BESYA)
11 Boycott Military's Pocket
12 Burma Campaign UK
13 Burmese Community Group (Manawatu, NZ)
14 Burmese Rohingya Welfare Organisation New Zealand
15 Burmese American Community Institute 9BACI)
16 Burmese Canadian Network
17 Campaign for a New Myanmar
18 CDM Support Team Mandalay (CSTM)
19 Chin Community of Auckland
20 Chin Community in Norway
21 Citizen of Burma Award - New Zealand
22 Citizens of Burma Award(Buffalo Chapter)
23 COBA UAE
24 CRPH and NUG Supporters Ireland
25 CRPH Funding Ireland
26 CRPH Support Group, Norway
27 CRPH Support Group, Norway and members organizations endorses
28 Democratic Party for a New Society, Norway
29 Democratic Youth Council ( ဒီမိုကရက်တစ်လူငယ်ကောင်စီ )
30 Doh Atu - Ensemble pour le Myanmar
31 Dream Hope Goals Media Group
32 Dunedin Myanmar Community New Zealand
33 Enemy Air Route Channel
34 Federal Myanmar Benevolence Group (NZ)
35 Federal School
36 Federation of Workers’ Union of the Burmese Citizen in Japan ( FWUBC )

| | |
|---|---|
| 37 | Free Rohingya Coalition |
| 38 | General Strike Committee of Nationalities (GSCN) |
| 39 | General Strike Coordination Body - GSCB |
| 40 | Global Myanmar Spring Revolution ( GMSR ) |
| 41 | Hero Behind Bars |
| 42 | HTY Scout Channel |
| 43 | Human Right Defenders and Promoters(Palaw) |
| 44 | Information & Scout News (Hlaing) |
| 45 | Insein Scout Channel |
| 46 | Integria, z.s. |
| 47 | International Association, Myanmar-Switzerland (IAMS) |
| 48 | International Campaign for the Rohingya |
| 49 | Japan Myanmar Help Network - JMHN (comprising of over 40 youth groups in Japan) |
| 50 | Justice For Myanmar |
| 51 | K'cho Ethnic Association |
| 52 | Kachin Association Norway |
| 53 | Kachin State Civilian Movement- KSCM |
| 54 | Kamayut Scout Channel |
| 55 | Kanbauk Defense Force (KBDF) |
| 56 | Karenni Society New Zealand |
| 57 | Karenni Association - Norway |
| 58 | Karenni Wellington Community |
| 59 | Kyauktada Strike Committee |
| 60 | Kyimyindaing Scout Channel |
| 61 | La Communauté Birmane de France |
| 62 | LA2M |
| 63 | Lanmadaw,Latha & Pabedan Scout Channel |
| 64 | League for Democracy in Burma( Japan ) |
| 65 | Legal Aid for Human Rights (Southern Shan State) |
| 66 | LGBTIQ (လိင်စိတ်ခံယူမှုကွဲပြားသူများ) သပိတ်စစ်ကြောင်း |
| 67 | Mayangone News |
| 68 | MIIT ကျောင်းသားကျောင်းသူများ သပိတ်စစ်ကြောင်း |
| 69 | Minority Affairs Institute (MAI Myanmar) |
| 70 | Muslim Youth Network |
| 71 | Myanmar Community Christchurch New Zealand |
| 72 | Myanmar Gonye (New Zealand) |
| 73 | Myanmar Action Group Denmark |
| 74 | Myanmar Catholic Community In Norway |
| 75 | Myanmar community in Italy |
| 76 | Myanmar Community in Norway |
| 77 | Myanmar Democratic Force in Denmark |
| 78 | Myanmar Engineers - New Zealand |
| 79 | Myanmar Global Support Foundation ( MGSF ) |
| 80 | Myanmar Hindu Community - Norway |

81 Myanmar Muslim Revolution Force
82 Myanmar Students' Union in New Zealand
83 Nelson Myanmar Community New Zealand
84 New Zealand Doctors for NUG
85 New Zealand Zo Community Inc.
86 New Zealand Karen Association
87 NLD Organization Committee (International) Norway
88 No Business With Genocide
89 NOK Information & Scout Echo
90 North Dagon & East Dagon News
91 Norway Falam Community
92 Norway Matu Community
93 Norway Rvwang Community
94 Overseas Mon Association. New Zealand
95 PDF Support ( Vancouver - Canada )
96 Peace for Burma ( Vancouver ) Canada
97 Progressive Muslim Youth Association-PMYA
98 Progressive Voice
99 Rangoon Scout Network
100 Rohingya Community in Norway
101 Rvwang Community Association New Zealand
102 Save Myanmar Fundraising Group (New Zealand)
103 Save Myanmar Israel
104 Shan Community (New Zealand)
105 Sitt Nyein Pann Foundation
106 South Dagon Scouting Infos (SDG)
107 Southern Dragon Myanmar
108 Support group for Democracy in Myanmar ( the Netherland )
109 Tamwe Nway Oo Channel
110 Tenasserim Students Unions Network - TSUN
111 Thaketa & Dawbon Scout Channel
112 Tourism Committee
113 U.S. Campaign for Burma
114 Unitarian Universalist Service Committee
115 United States Chin Coalition (USCC)
116 Universities Kachin Literature and Culture Association- Yangon (Yangon JLH)
117 Volunteers in Myanmar
118 We support NUG-NB
119 Wellington Chin Community ( New Zealand )
120 Wellington Myanmar community
121 Yangon Revolution Force - YRF (Soft Strike Community)
122 Youth for Democratization of Myanmar (UDM)
123 Youth Scout For Democracy (YSD)
124 YWTC(yangon)

125 Z Fighter News
126 Zomi Christian Fellowship of Norway
127 Zomi Community Norway
128 ကျန်းမာရေးမိသားစု - မန္တလေး (Medical Family – Mandalay)
129 ကွန်ပျူတာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
130 ချမ်းမြသာစည်မြို့နယ် လူထုသပိတ်စစ်ကြောင်း
131 စိန်ပန်း သပိတ်စစ်ကြောင်း
132 ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
133 ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများ သမဂ္ဂ
134 ဆေးဝါးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
135 တမ္ပဝတီ လူထုသပိတ်စစ်ကြောင်း
136 တိုက်ကွမ်ဒို အားကစားအသင်း
137 တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
138 တိုင်းရင်းသားလူငယ်များ အထွေထွေသပိတ်ကော်မတီ
139 တောင်သာလူထုလှုပ်ရှားမှုကော်မတီ
140 ဒေါင်းစစ်သည်
141 နည်းပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
142 နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)ကျောင်းသားများ သမဂ္ဂ
143 နွေဦးတော်လှန်ရေးဘာသာပေါင်းစုံကွန်ရက်
144 နားထောင်ရင်းလှူပေးပါ။
145 ပညာရေးမိသားစု (စစ်အာဏာရှင်ဆန့်ကျင်ရေး ပညာရေးစစ်ကြောင်းများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ)
146 ပြည်ကြီးတံခွန်သပိတ်
147 ပုဂ္ဂလိက မူကြိုဆရာ၊ ဆရာမများအဖွဲ့
148 ဘာသာပေါင်းစုံ သပိတ်စစ်ကြောင်း
149 ဘုရားကြီး ငြိမ်းချမ်းရေးသပိတ်စစ်ကြောင်း
150 မကွေးလူထုတိုက်ပွဲကော်မတီ / Magway People's Revolution Committee
151 မန္တလာတက္ကသိုလ် ကျောင်းသားကျောင်းသူများသပိတ်စစ်ကြောင်း
152 မန္တလာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
153 မန္တလေး ကဗျာဆရာများသမဂ္ဂ (Mandalay Poets’ Union)
154 မန္တလေး ကုန်စည်ဒိုင်သပိတ်စစ်ကြောင်း
155 မန္တလေး၊ တက္ကသိုလ် ဒီဂရီ၊ ကောလိပ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ သပိတ်စစ်ကြောင်း
156 မန္တလေးကွန်ပျူတာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
157 မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ သပိတ်စစ်ကြောင်း
158 မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Mandalay Region Hluttaw)
159 မန္တလေးနည်းပညာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
160 မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကျောင်းသားများသမဂ္ဂ
161 မန္တလေးပုဂ္ဂလိကတက္ကသိုလ် ကျောင်းသားများသမဂ္ဂ (MPUSU)
162 မန္တလေးမြို့အခြေစိုက် လူထုသပိတ်စစ်ကြောင်း
163 မန္တလေးမဟာမိတ် သပိတ်တပ်ပေါင်းစုစစ်ကြောင်း
164 မန္တလေးလူငယ် သပိတ်စစ်ကြောင်း
165 မန္တလေးသပိတ်အင်အားစု
166 မန္တလေးအင်ဂျင်နီယာ တပ်ပေါင်းစု

167 မန္တလေးအင်ဂျင်နီယာများအဖွဲ့ (Mandalay Engineer Group)
168 မန္တလေးအရပ်ဖက်အဖွဲ့အစည်းများ
169 မြင်းခြံလူထုလှုပ်ရှားမှုကော်မတီ
170 မြတောင် သပိတ်စစ်ကြောင်း
171 မြန်မာနိုင်ငံဘဏ်အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Bank Trade Unions Federation of Myanmar – BTUFM)
172 မြန်မာ့မီးရထား တိုင်းအမှတ် (၃) CDM ဝန်ထမ်းများ သပိတ်စစ်ကြောင်း
173 မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(မန္တလေး) ကျောင်းသားများသမဂ္ဂ
174 မွတ်စ်လင်မ်လူငယ်များအဖွဲ့
175 မဟာအောင်မြေမြို့နယ် စုပေါင်းလူထုသပိတ်စစ်ကြောင်း
176 မေမြို့ ပင်မအထွေထွေသပိတ်အင်အားစု
177 ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရ.တ.က.သ)
178 ရန်ကုန်အခြေစိုက်တက္ကသိုလ်ကျောင်းသားသမဂ္ဂများ (တကသများ-ရန်ကုန်) | Alliance of Students' Unions Yangon (ASU-Yangon)
179 ရေဘဝဲ (ပြည်သူ့အကျိုးပြု လူငယ်အဖွဲ့အစည်း)
180 လူငယ်ကဗျာဆရာများသမဂ္ဂ
181 သံဃသမဂ္ဂ (မန္တလေး)
182 သပြေညို သတင်းလွှာ
183 သမဝါယမတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ သပိတ်စစ်ကြောင်း
184 သရက်ချောင်းမြို့နယ် ပြည်သူ့ကာကွယ်ရေးပြောက်ကျားတပ်ဖွဲ့
185 သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသားများ သမဂ္ဂ
186 သားဖွားသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ
187 သူနာပြုတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
188 သူနာပြုသင်တန်းကျောင်း(မန္တလေး)ကျောင်းသားများသမဂ္ဂ
189 အ.ထ.က (၇) ကျောင်းသူ၊ ကျောင်းသားဟောင်းများ သပိတ်စစ်ကြောင်း
190 အ.လ.က (၁၂) ထခွဲ၊ အခြေခံပညာကျောင်းသားများသမဂ္ဂ (အ.က.သ)
191 အဖမ်းဆီးခံပြည်သူများ ကိုယ်စားပြုသပိတ်စစ်ကြောင်း
192 အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (မန္တလေးတိုင်း)
193 အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ကျောင်းသားများသမဂ္ဂ
194 အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်
195 အောင်ပင်လယ် ပင်မသပိတ်စစ်ကြောင်း
196 အောင်မြေသာစံ ပညာရေးကျောင်းပေါင်းစုံ သပိတ်စစ်ကြောင်း